ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၄ )      ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်း | ၂ - ၄ |
| ၂။ | HSCBမှ ဥပဒေရေးရာ AI ပလက်ဖောင်းအဖြစ် Harvey AIကို ကြေညာခြင်း | ၅ - ၆ |
| ၃။ | မီချီဂန်ပြည်နယ်ရှေ့နေချုပ်က စွမ်းအင်လောကမှ ထိပ်သီးရေနံကုမ္ပဏီကြီးများကို ရှာမန်လက်ဝါးကြီးအုပ်မှု ဆန့်ကျင်ရေးအက်ဥပဒေ ( **Sherman Antitrust Act)** ဖြင့် အရေးယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း | ၇ - ၉ |
| ၄။ | ထိုင်းနိုင်ငံတွင် ကျင်းပမည့်ရွေးကောက်ပွဲအတွက် အရက်ရောင်းချမှုကို ယာယီတားမြစ်ထားခြင်း | ၁၀-၁၁ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၄ ) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်း

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ၂၈-၁၀-၂၀၁၀ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၁/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေကို ၂၁-၁-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄/၂၀၁၃ ဖြင့် ပထမအကြိမ် ပြင်ဆင်ခဲ့ပြီး ၅-၁-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၆/၂၀၁၄ ဖြင့် ဒုတိယအကြိမ်ပြင်ဆင်ခဲ့ပါသည်။ ထို့နောက် ၂၄-၁-၂၀၂၆ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁/၂၀၂၆ ဖြင့် တတိယအကြိမ်ပြင်ဆင်ခဲ့ပါသည်။

ဥပဒေပြင်ဆင်ပြဋ္ဌာန်းရခြင်းမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဥပဒေပါပြဋ္ဌာန်းချက်များ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရေး၊ လွတ်လပ်စွာတရားစီရင်မှုကိုမထိခိုက်စေရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးတို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်း၍ မူရင်းဥပဒေ အခန်း(၁)တွင် အဓိပ္ပာယ်ဖော်ပြချက်၌ ပုဒ်မ ၂ ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)နှင့် (ဌ)တို့ကို အဓိပ္ပာယ်ဖွင့်ဆို ဖြည့်စွက်ခြင်း၊ မူရင်းဥပဒေပုဒ်မ ၄ တွင် ခုံရုံးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးရာ၌ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် ၄ ပုဒ်မခွဲငယ်စိတ် (ဂဂ)၏ နောက်တွင် အရည်အချင်းသတ်မှတ်ချက်ကို ပုဒ်မခွဲငယ်စိတ်(ဃဃ)အဖြစ် ဖြည့်စွက်ခြင်း၊မူရင်းဥပဒေပုဒ်မ ၄(ခ)၊ ပုဒ်မ ၁၂(ဈ)၊ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၇-က တို့ကို ပယ်ဖျက်ခြင်း၊ မူရင်းဥပဒေ ပုဒ်မ ၆ တွင် ခုံရုံးဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းခြင်းကိစ္စကို ပယ်ဖျက်၍ အစားထိုးခြင်း၊ မူရင်းဥပဒေပုဒ်မ ၂၀ တွင် ပုဒ်မခွဲ(က)အဖြစ် ကြားနာ

ဆုံးဖြတ်ရမည့် ခုံရုံးအဖွဲ့ဝင်ဦးရေကို ပြင်ဆင်တိုးမြှင့်ခြင်းနှင့် ပုဒ်မခွဲ(ခ)ကို အစားထိုးခြင်း၊မူရင်းဥပဒေ ပုဒ်မ ၂၁ တွင် ပယ်ဖျက်ထားသော ပုဒ်မခွဲ(စ)ကို ပြန်လည်ဖြည့်စွက်ခြင်းနှင့် ပုဒ်မခွဲ(ဇ)၏နောက်တွင် အမှု၏မည်သည့်အဆင့်၌မဆို အီလက်ထရောနစ်ဆက်သွယ်ရေးနည်းလမ်းဖြင့် ဆက်သွယ်အသုံးပြု ဆောင်ရွက်နိုင်ခြင်းကို ပုဒ်မခွဲ (ဈ)အဖြစ် ဖြည့်စွက်ခြင်း၊ မူရင်းဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(က)၊ (ဂ)နှင့် (ဃ)တို့တွင် တရားစီရင်ရေးဆိုင်ရာ ဆွေးနွေးပြီးနောက် ဆောင်ရွက်ရမည့်ကိစ္စများကို သဘောထား ပြန်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းကိစ္စကို အစားထိုးခြင်း၊ မူရင်းဥပဒေအခန်း (၆) ခေါင်းစဉ်ကို “ခုံရုံး၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားတို့၏အကျိုးသက်ရောက်မှု”ဟု အစားထိုး ခြင်း၊ မူရင်းဥပဒေပုဒ်မ ၂၃ တွင် ခုံရုံး၏ ဆုံးဖြတ်ချက်သည် တူညီသော ဥပဒေဆိုင်ရာအငြင်းပွားမှု အားလုံးနှင့် သက်ဆိုင်စေသည့် စကားရပ်ကို အစားထိုးခြင်း၊ မူရင်းဥပဒေပုဒ်မ ၂၄ တွင် ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားအသီးသီးနှင့် သက်ဆိုင်သည့် အာဏာသက်ရောက် ရမည့်နေရာနှင့် ပုဂ္ဂိုလ်တို့အပေါ် အာဏာသက်ဆိုင်စေလိုသည့်ကိစ္စကို အစားထိုးခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြင်ဆင်သည့်ဥပဒေတွင် မူရင်းဥပဒေပုဒ်မ ၃၇ ကို ပယ်ဖျက်မည်ဖြစ်ကြောင်း ဖော်ပြထား သည်ကို တွေ့ရှိရပါသည်။ မူရင်းဥပဒေ ပုဒ်မ ၃၇ တွင် “ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။ ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းခြင်း မပြုလုပ်သရွေ့ ဤဥပဒေသည် အတည်ဖြစ်သည်။”ဟု ပြဋ္ဌာန်းထားသဖြင့် ဤဥပဒေသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သကဲ့သို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဥပဒေကို

ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးကြီးသည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၄ ) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

## HSCB မှ ဥပဒေရေးရာ AI ပလက်ဖောင်းအဖြစ် Harvey AI ကို ကြေညာခြင်း

လန်ဒန်- HSCB Holding plc သည် ယနေ့တွင် HSCB ၏ လုပ်ငန်းလည်ပတ်မှုတွင် စီးပွားရေးလုပ်ငန်း ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ပိုမိုမြန်ဆန်ရေးနှင့် သုံးစွဲသူများကို ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် AI ထည့်သွင်းထားသည့် HSCB ၏ ပိုမိုကျယ်ပြန့်သော ပြောင်းလဲမှုတစ်ခုအဖြစ် ဥပဒေရေးရာဝန်ဆောင်မှုပေးသူ Harvey AI နှင့် မဟာဗျူဟာမြောက် AI အစုစပ်လုပ်ငန်းတစ်ခုကို ကြေညာခဲ့ပါသည်။

ဤစီမံးသပ်ချက်သည် ဆန်းသစ်တီထွင်မှုနှင့် ကောင်းမွန်သော လုပ်ငန်းလည်ပတ်မှုအတွက် ဘဏ်၏လုပ်ငန်းစဉ်များမှ ခေတ်မီသော ဥပဒေရေးရာ AI ပလက်ဖောင်းကို HSCB ၏ ကမ္ဘာ့ဆိုင်ရာ ဥပဒေရေးရာ လုပ်ငန်းဆောင်ရွက်ချက်အဖြစ် ယူဆောင်လာခြင်းဖြစ်ပါသည်။ စည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီသောလုပ်ငန်းအဆင့်လိုက် ထိန်းချုပ်မှုများနှင့် လုံခြုံမှုများကို ပံ့ပိုးပေးလျက်ရှိသည့် Harvey ပလက်ဖောင်းကို ဥပဒေရေးရာဆောင်ရွက်သူအဖွဲ့က AI ကို အသုံးချပြီး စီးပွားရေးဆိုင်ရာလိုအပ်ချက်များကို မြန်မြန်ဆန်ဆန်တုံ့ပြန်နိုင်ရန် ဖန်တီးထားခြင်းဖြစ်ပါသည်။

HSCB Group ၏ Chief Legal Officer ဖြစ်သူ Bob Hoyt က “ဒီပလက်ဖောင်းက ကျွန်တော်အနေဖြင့် HSCB ကနေ ဥပဒေရေးရာအထောက်အပံ့များကို သိသိသာသာပေးနိုင်တဲ့ အရာတစ်ခုဖြစ်ပါတယ်။ ဒါဟာ နည်းပညာအသစ်တစ်ခုကို အသုံးချရုံသက်သက် မဟုတ်ပါဘူး။ AI ရဲ့ မြန်ဆန်ထိရောက်မှုကို ကျွန်တော်တို့ရဲ့ဥပဒေပညာရှင်များရဲ့ ကျွမ်းကျင်မှု၊ ဆုံးဖြတ်ချက်တို့နှင့် ပေါင်းစပ်ထားတဲ့အတွက် ဒီပလက်ဖောင်းကို အသုံးချပြီး ဥပဒေရေးရာဆောင်ရွက်ချက်တွေကို လုပ်ဆောင်နိုင်ပါတော့မယ်။ဒါဟာ ကျွန်တော်တို့ရဲ့ ရှေ့နေများအနေဖြင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် ၎င်းတို့ဝန်ဆောင်မှုပေးနေတဲ့ သုံးစွဲသူများအတွက် အကျိုးရှိစေတဲ့အပြင် မဟာဗျူဟာကျပြီး တန်ဖိုးမြင့်မားသော အလုပ်များမှာ ပိုမိုအချိန်ပေး အသုံးပြုနိုင်သည့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပါတယ်” ဟုပြောကြားခဲ့ပါတယ်။

Harvey AI ရဲ့ Chief Executive Officer Winston Weinberg ကလည်း “HSCB မှာ သုံးစွဲသူကို ဗဟိုပြုထားသောပုံစံဖြင့် AI ကို ကျွမ်းကျင်စွာအသုံးချနိုင်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာရန် တိကျရှင်းလင်းတဲ့ အစီအစဉ်တစ်ခုရှိပါတယ်။ ဒီရည်မှန်းချက်ရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ဥပဒေရေးရာအဖွဲ့က AI ကို ပိုမိုအသုံးချ လည်ပတ်သည့်ပုံစံသို့ ဦးတည်နေပြီး စီးပွားရေးကိစ္စရပ်အပြင် သုံးစွဲသူများအတွက် ပိုမိုထိရောက်အကျိုးရှိတဲ့ အချက်အလက်များ ထည့်သွင်းပေးခြင်းဖြင့် ကူညီပေးပါမယ်”ဟု ပြောကြား ခဲ့ပါတယ်။

ဥပဒေများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources:

https://www.hsbc.com/news-and-views/news/media-releases/2026/hsbc-announces-harvey-ai-for-their-legal-platform

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၄ )                ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

## မီချီဂန်ပြည်နယ် ရှေ့နေချုပ်က စွမ်းအင်လောကမှ ထိပ်သီးရေနံကုမ္ပဏီကြီးများကို ရှာမန်လက်ဝါးကြီးအုပ်မှုဆန့်ကျင်ရေးအက်ဥပဒေ (Sherman Antitrust Act) ဖြင့် အရေးယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း

ယနေ့ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ဈေးကွက်အတွင်း လွတ်လပ်စွာယှဉ်ပြိုင်နိုင်မှုသည် စားသုံးသူများအတွက် အရည်အသွေးကောင်းမွန်သော ဝန်ဆောင်မှုနှင့် သင့်တင့်သောဈေးနှုန်းကို ရရှိစေသည့် အခြေခံအချက် ဖြစ်ပါသည်။သို့ရာတွင် အင်အားကြီးမားသော စီးပွားရေးလုပ်ငန်းစုကြီးများသည် ၎င်းတို့၏အကျိုးအမြတ်ကို ကာကွယ်ရန်အတွက် ပြိုင်ဘက်သစ်များနှင့် နည်းပညာသစ်များ ပေါ်ထွက်မလာစေရန် မတရားသောနည်းလမ်းဖြင့် ပူးပေါင်းဟန့်တားမှုများ ပြုလုပ်လေ့ရှိပါသည်။ အမေရိကန်ပြည်ထောင်စု၊ မီချီဂန်ပြည်နယ်ရှေ့နေချုပ်က ကမ္ဘာ့ထိပ်တန်းရေနံကုမ္ပဏီကြီးများအပေါ် တရားစွဲဆိုလိုက်သည့်ဖြစ်စဉ်သည် စီးပွားရေးဥပဒေ (Commercial Law)နှင့် လက်ဝါးကြီးအုပ်မှု ဆန့်ကျင်ရေးဥပဒေ (Antitrust Law)တို့ကို မည်ကဲ့သို့ ထိရောက်စွာကျင့်သုံးသည်ကို ပြသနေသည့် စိတ်ဝင်စားဖွယ်ရာဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် မီချီဂန်ပြည်နယ်ရှေ့နေချုပ် Dana Nessel က BP၊ Chevron၊ Exxon၊ Shell နှင့် American Petroleum Institute (API) တို့ကို မီချီဂန် အနောက်ပိုင်းခရိုင် အမေရိကန်ပြည်ထောင်စုခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ပါသည်။ အဆိုပါတရားစွဲဆိုမှုတွင် ရေနံကုမ္ပဏီကြီးများသည် အမေရိကန်ပြည်ထောင်စု၏ သမိုင်းဝင်လက်ဝါးကြီးအုပ်မှုဆန့်ကျင်ရေး ဥပဒေများဖြစ်သော Sherman Actနှင့် Clayton Actတို့ကို ချိုးဖောက်ကာ ကုန်သွယ်မှုကို ဟန့်တားရန် ပူးပေါင်းကြံစည်ခဲ့သည်ဟု စွပ်စွဲထားပါသည်။ ဤအမှုတွင် Clayton Act ပုဒ်မ ၁၄ အရ အမြဲတမ်းတားမြစ်မိန့် (Permanent Injunctive Relief)ထုတ်ပြန်ပေးရန်၊ မတရားရရှိထားသော အကျိုးအမြတ်များကို ပြန်လည်ပေးအပ်ရန် (Disgorgement of profits)နှင့် နစ်နာကြေး သုံးဆ (Treble damages) ပေးလျော်ရန် တောင်းဆိုထားပါသည်။

ရှေ့နေချုပ်ရုံးမှတရားရုံးသို့ တင်သွင်းခဲ့သည့် စာမျက်နှာ ၁၂၂မျက်နှာပါရှိသော တရားစွဲဆိုလွှာ (Complaint)တွင် ရေနံကုမ္ပဏီကြီးများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် လျှပ်စစ်ကား(EV) နည်းပညာများ ဈေးကွက်အတွင်း ဝင်ရောက်မလာနိုင်စေရန် ဆယ်စုနှစ်ပေါင်းများစွာ စနစ်တကျ ပူးပေါင်းဟန့်တားခဲ့ကြောင်း ဖော်ပြထားပါသည်။အထူးသဖြင့် Exxonကုမ္ပဏီက ဈေးကွက်သို့ တင်ရန် အသင့်ဖြစ်နေသည့် Hybrid ကားနမူနာများကို သိမ်းဆည်းထားခြင်း၊ Chevron ကုမ္ပဏီက ဘက်ထရီ နည်းပညာဆိုင်ရာ မူပိုင်ခွင့်များကိုဝယ်ယူ၍ ဈေးကွက်အတွင်း အသုံးမပြုနိုင်ရန် စနစ်တကျထိန်းချုပ်ထားခြင်း (Strategic Patent Shelving) နှင့် ကုမ္ပဏီများပူးပေါင်း၍ EV အားသွင်းစခန်းများ တပ်ဆင်ရန် ငြင်းဆန်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း စွပ်စွဲထားပါသည်။ ထို့ပြင် Oil and Gas Climate Initiative ကဲ့သို့သော အဖွဲ့အစည်းများမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မှ ရုပ်ကြွင်းလောင်စာလုပ်ငန်းများသို့သာ ပြောင်းလဲစီးဆင်းစေရန် ပူးပေါင်းညှိနှိုင်းခဲ့ကြပါသည်။

ယခုအမှုတွင် ၎င်းတို့၏လုပ်ရပ်များကို Sherman Act ပုဒ်မ ၁ အရ Per se violation (ပေါ်လွင်ထင်ရှားသော ဥပဒေချိုးဖောက်မှု)အဖြစ် တင်ပြထားရာ ၎င်းလုပ်ရပ်များသည် ဈေးကွက်အပေါ် မည်သို့သက်ရောက်သည်ကို သက်သေပြရန်ပင်မလိုဘဲ ဥပဒေအရ အလိုအလျောက် အပြစ်ထင်ရှားစေနိုင်သည့် အနေအထားမျိုးဖြစ်ပါသည်။ ထို့ပြင် Rule of Reason ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုအရလည်း ဤပူးပေါင်းကြံစည်မှုကြောင့် စွမ်းအင်ထုတ်လုပ်မှုကို လျော့နည်းစေကာ ဈေးနှုန်းများကို အတုအယောင် မြှင့်တင်ထားသဖြင့် စားသုံးသူများ၏ရွေးချယ်ခွင့်ကို ထိခိုက်စေကြောင်း တရားစွဲဆိုလွှာတွင် ထောက်ပြထားပါသည်။ တရားလိုဘက်မှ ထပ်လောင်းတင်ပြချက်များ (Plus Factors) အရ ကုမ္ပဏီများ၏လုပ်ရပ်သည် ၎င်းတို့၏တစ်ဦးချင်း စီးပွားရေးအကျိုးအမြတ်နှင့် ကိုက်ညီခြင်းမရှိဘဲ အသင်းအဖွဲ့များမှတစ်ဆင့် စနစ်တကျ ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပြီး၊ မီချီဂန်ပြည်နယ်၏ လက်ဝါးကြီးအုပ်မှု ပြုပြင်ပြောင်းလဲရေးဥပဒေ (MARA)ကိုလည်း အခြေခံ၍ တရားစွဲဆိုထားခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် အင်အားကြီးရေနံကုမ္ပဏီကြီးများအပေါ် စွဲဆိုလိုက်သည့် ဤအမှုသည် စီးပွားရေးလုပ်ငန်းကြီးများအနေဖြင့် မည်မျှပင် အာဏာရှိစေကာမူ တရားဥပဒေ၏အထက်တွင် မရှိကြောင်းနှင့် မျှတသောဈေးကွက်ယှဉ်ပြိုင်မှုကို ဖျက်ဆီးပါက တရားဥပဒေ၏ အရေးယူမှုကို ခံရမည်ဖြစ်ကြောင်း ပြသလိုက်ခြင်း ဖြစ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ<br>
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**


- Jurist News (Original Source): Michigan AG brings federal antitrust suit against fossil fuel companies (January 24, 2026).
- U.S. District Court, Western District of Michigan Legal Documents.
- Sherman Antitrust Act, 15 U.S.C. Section 1–7.
- Clayton Act, 15 U.S.C. Section 12–27.

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၄ )　　၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

# ထိုင်းနိုင်ငံတွင် ကျင်းပမည့်ရွေးကောက်ပွဲအတွက် အရက်ရောင်းချမှုကို ယာယီတားမြစ်ထားခြင်း

ထိုင်းနိုင်ငံရွေးကောက်ပွဲကော်မရှင်သည် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် အရက်ရောင်းချခြင်းကို တားမြစ်သည့်ကာလ (၂)ရပ်ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့ပါသည် ထိုင်းနိုင်ငံတွင် ကြိုတင်မဲပေးကာလဖြစ်သည့် ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၁ ရက်နေ့ထိနှင့် ရွေးကောက်ပွဲကာလဖြစ်သည့် ဖေဖော်ဝါရီလ ၇ ရက် ၈ ရက်အလွန်ကာလတို့အတွင်း အရက်ရောင်းချခြင်းကို တားမြစ်သွားမည်ဖြစ်သည်။ အဆိုပါနေ့ရက်များအတွင်း အရက်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းနှင့် အရက်သေစာသောက်စားသည့် ပွဲများကျင်းပခြင်းကိုပါ တားမြစ်သွားမည်ဖြစ်သည်။ တစ်နိုင်ငံလုံးဆိုင်ရာ တားမြစ်ချက်များသည် အရက်ရောင်းချရာနေရာများဖြစ်သည့် ဘားများ၊ နိုက်ကလပ်များ၊ စားသောက်ဆိုင်များ၊ အရက်ပုလင်းရောင်းချသည့်ဆိုင်များနှင့် အရက်ရောင်းချသည့် ဈေးများပါ အကျုံးဝင်သည်။

ကနဦးတားမြစ်ခြင်းကာလကို ဇန်နဝါရီလ ၃၁ ရက်၊ စနေနေ့ ညနေ ၆ နာရီတွင် စတင်မည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁ရက်၊ တနင်္ဂနွေနေ့ ညနေ ၆နာရီအထိဖြစ်သည်။ဒုတိယအကြိမ်တားမြစ်သည့်ကာလကို ဖေဖော်ဝါရီလ ၇ ရက်၊ စနေနေ့ ညနေ ၆ နာရီမှ စတင်မည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၈ ရက်၊ တနင်္ဂနွေနေ့ ညနေ ၆ နာရီတွင် ပြီးဆုံးမည်ဖြစ်သည်။ ယင်းတားမြစ်ချက်ကို ဖောက်ဖျက်ခဲ့ကြောင်း တွေ့ရှိရသူတိုင်းအတွက်လည်း ပြင်းထန်သည့်အကျိုးဆက်များရှိပါသည်။ပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၆ လနှင့် ဘတ် ၁၀၀၀၀ အထိ ပါဝင်နိုင်ပါသည်။ အဆိုပါတားမြစ်ချက်မှာ ဖျော်ဖြေရေးပွဲများ သို့မဟုတ် နိုင်ငံခြားခရီးသွားနယ်မြေများအတွက်ပါ ချွင်းချက်ပေးထားခြင်းမျိုး မရှိပါ။ ရွေးကောက်ပွဲအတွက် အရက်ကိုတားမြစ်ခြင်းသည် ယခင်ကပင် ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်

တစ်ခုဖြစ်ပြီး မဲပေးကာလအတွင်း အနှောင့်အယှက်ပြုခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source:

https://www.thedrinksbusiness.com

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၄ )  ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

